အယူခံလျှောက်ထားသူ၏ အကျိုးဆောင်ရှေ့နေက တင်ပြရာတွင် သိမ်းဆည်းခံခဲ့ရသော ငရုတ်သီးခြောက် (1x20kg) (၃၅၀) အိတ်သည် (PAING Family International Co., Ltd) ၏ ကုန်ပစ္စည်းများဖြစ်ပါကြောင်း၊ ပြည်ပသို့တင်သွင်းရန်အခက်အခဲရှိသဖြင့် တာချီလိတ်မြို့ ဝမ်ပုံဆိပ်ကမ်းတွင် နေလှန်းခွင့်ပြုပါရန်တင်ပြခဲ့ပြီး အကောက်ခွန်ကြီးကြပ်မှုဖြင့် နေလှန်းခြင်းကိုဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါနေလှန်းထားသည့် ငရုတ်သီးခြောက် (၃၉၁) အိတ်အား ဦးကျော်စွာဝင်း မောင်းနှင်သော ယာဉ်အမှတ် (5N/2570) (၁၂) ဘီး မော်တော်ကားဖြင့် တင်ဆောင်နိုင်ရန် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ငရုတ်သီးခြောက် (၃၅၀) အိတ်သာ တင်ဆောင်လာခဲ့ပြီး၊ ကျန်ငရုတ်သီးခြောက် (၄၁) အိတ်မှာ တာချီလိတ်မြို့ရှိ ဂိတ်တွင်ထားရှိခဲ့ပါကြောင်း တင်ပြသည်။

ဆက်လက်၍ ကုန်ပစ္စည်း၏ သဘာဝအရ ကုန်ပေါ့ဖြစ်သည့် ငရုတ်သီးခြောက်အိတ်များကို အပေါ်ကုန် အဖြစ် တင်ဆောင်လာခြင်းသာဖြစ်ပြီး ဆိုင်ကယ်များနှင့် ဝိုင်များကို ဖုံးအုပ်သိုဝှက်၍ သယ်ဆောင်လာခြင်း မဟုတ်ပါကြောင်း လျှောက်ထားထုချေခဲ့သော်လည်း တောင်ကြီးမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ၁-၅-၂၀၂၂ ရက်နေ့တွင် ငရုတ်သီးခြောက် (၃၅၀) အိတ် စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၁၂,၆၀၀,၀၀၀ အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည့် အမိန့်ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါ ငရုတ်သီးခြောက်မှာ (၁၄) ရက်အတွင်း ပုပ်သိုးပျက်စီးနိုင်သည့်ပစ္စည်းမျိုးမဟုတ်ကြောင်း၊ ၃၀-၄-၂၀၂၂ ရက်နေ့တွင် ထုချေလွှာတင်သွင်းရန် အကြောင်းကြားခဲ့ပြီး (၁၄) ရက်အတွင်း ထုချေခွင့်ပြုခဲ့သော်လည်း အကြောင်းကြားပြီးနောက်ရက် ၁-၅-၂၀၂၂ ရက်နေ့တွင် ပြည်သူ့ဘဏ္ဍာသိမ်းအဖြစ် အမိန့်ချမှတ်ခဲ့ပါကြောင်း၊ ထိုသို့ ထုချေရက်မကုန်ဆုံးမီအမိန့်ချမှတ် ခြင်းမှာ လျှောက်ထားသူအတွက် များစွာနစ်နာလျက်ရှိပါကြောင်း၊ ၁-၅-၂၀၂၂ ရက်နေ့ ချမှတ်သောအမိန့်မှာ မှားယွင်းလျက်ရှိနေပါကြောင်း လျှောက်ထားတင်ပြသည်။

ထို့အပြင် Covid-19 ရောဂါကြောင့် အဆိုပါငရုတ်သီးခြောက်အိတ်များမှာ ပြည်ပသို့ တင်ပို့နိုင်ခြင်းမရှိဘဲ ပြည်တွင်းဈေးကွက်အတွင်း ပြန်လည်ရောင်းချလိုသည့်သဘောဖြင့် သယ်ဆောင်လာခြင်းသာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေအရ ကုန်သည်တစ်ဦးအနေဖြင့် ကြပ်တည်းမှုမျိုးစုံ ရင်ဆိုင်နေရခြင်း တို့ကြောင့် အဆိုပါငရုတ်သီးခြောက်အိတ်များကို သက်ညှာစွာဖြင့် (လျှောက်ထားသူ) အား ပြန်ပေးသင့်ကြောင်း တင်ပြသည်။

သို့ဖြစ်ပါ၍ တာချီလိတ်ကုန်သွယ်ရေးစခန်း (မယ်ယန်း) အကောက်ခွန်ဦးစီးအရာရှိမှ ၂၇-၄-၂၀၂၂ ရက်စွဲပါ ငရုတ်သီးခြောက်အိတ်များကို ပြန်လည်သယ်ယူခွင့်ပြုစာအရ သယ်ဆောင်လာသည့် အဆိုပါ ငရုတ်သီးခြောက်အိတ်များအား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းမှာ တရားမျှတမှုမရှိပါသဖြင့် တောင်ကြီး မြို့နယ်၊ အကောက်ခွန်ဦးစီးဌာန၏ အမိန့်ကိုပယ်ဖျက်၍ အယူခံလျှောက်ထားသူအား ငရုတ်သီးခြောက် အိတ်များ ပြန်လည်ပေးအပ်သည့် အမိန့်ပြင်ဆင်ချမှတ်ပေးပါရန် လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ အကောက်ခွန်ဦးစီးဌာန၏ ဌာနဆိုင်ရာကိုယ်စားလှယ်က ချေပလျှောက်လဲရာတွင် အခင်းဖြစ်ငရုတ်သီးခြောက်အိတ်များသည် ပုပ်သိုးပျက်စီးလွယ်ကုန်ပစ္စည်းများဖြစ်သဖြင့် တောင်ကြီးမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ၁-၅-၂၀၂၂ ရက်နေ့တွင် သိမ်းဆည်းမိန့်ထုတ်ပြန်ခဲ့ပြီးနောက် ဖမ်းဆီးရမိပစ္စည်း များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ပြည်သူ့ဘဏ္ဍာငွေနစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ၁၀-၅-၂၀၂၂ ရက်နေ့တွင် လေလံတင်ရောင်းချခဲ့ရာ အဆိုပါ ငရုတ်သီးခြောက် (1x20kg) (၃၅၀) အိတ်ကို ပစ္စည်းပိုင်ရှင် ဖြစ်သူ ဦးနေသူကပင်

ကျေကျေနပ်နပ်ဖြင့် လေလံအောင်မြင်ဈေး ကျပ် ၁၀,၄၀၀,၀၀၀ ပေး၍ လေလံဆွဲဝယ်သွားခဲ့ပြီးနောက် ဦးနေသူထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ လေလံပေးသွင်းငွေ ကျပ် ၁၀,၄၀၀,၀၀၀ ကို တောင်ကြီးမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနမှူးရုံး ဘဏ်စာရင်းသို့ ၁၀-၅-၂၀၂၂ ရက်နေ့တွင်ပေးသွင်း၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ စာရင်းဝင်ပြီး၊ ပြည်သူ့ဘဏ္ဍာငွေအဖြစ်သို့ ရောက်ရှိသွားပြီးဖြစ်ပါကြောင်း၊ ငရုတ်သီးခြောက်အိတ်များသည် PAING Family International Co., Ltd မှ ပို့ကုန်ကြေညာလွှာအမှတ် (ED) No. 200264 ဖြင့် တာချီလိတ်မြို့၊ ဝမ်ပုံဆိပ်ကမ်းမှ တရုတ်နိုင်ငံသို့ တင်ပို့သည့် ပစ္စည်းများဖြစ်သည်ဟု ထွက်ဆိုထားပါကြောင်း၊ ငရုတ်သီးခြောက်အိတ်များကို ပို့ကုန်ကြေညာလွှာ (ED) ဖွင့်လှစ်ဆောင်ရွက်ပြီး နောက် ပို့ကုန်ကြေညာလွှာအမှတ် (ED) No. 200264 ပေါ်တွင် ပြည်ပသို့တင်ပို့ရန် Last of Port ဖြစ်သည့် တာချီလိတ်၊ အကောက်ခွန်စစ်ဆေးရေးအရာရှိမှ Shipped In Full ဟု EO Note Down ရေးသားပြီးပါက Export မြောက်သည်ဟု မှတ်ယူရမည်ဖြစ်ပါကြောင်း တင်ပြသည်။

ဆက်လက်၍ Export အဖြစ် တင်သွင်းပြီးသောကုန်ပစ္စည်းကို အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်းသို့ ပြန်လည်သယ်ဆောင်မည်ဆိုပါက Re-Importation ခွင့်ပြုချက်ရရှိပြီးမှသာ ပြန်လည်သယ်ဆောင်ခွင့်ရရှိမည် ဖြစ်ပါကြောင်း၊ ယခုအမှုဖြစ်စဉ်တွင် ပြည်တွင်းသို့ ပြန်လည်သယ်ယူမည့် ငရုတ်သီးခြောက်အိတ်များအတွက် Re-Importation စနစ်အတိုင်း လျှောက်ထားမှုမရှိခြင်း၊ Re-Importation စာရွက်စာတမ်းခွင့်ပြုချက်မရရှိဘဲ သယ်ဆောင်လာခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် ငရုတ်သီးခြောက် (၃၉၁) အိတ်ကို သယ်ဆောင်ရန် ရည်ရွယ် ထားခဲ့သော်လည်း၊ ငရုတ်သီးခြောက် (၃၅၀) အိတ်သာ တင်ဆောင်လာခဲ့ပြီး၊ ကျန်ငရုတ်သီးခြောက် (၄၁) အိတ်မှာ တာချီလိတ်မြို့ရှိဂိုတ်တွင် ထားရှိပါသည်ဟူသော အယူခံလျှောက်ထားသူ၏တင်ပြချက်အရ ငရုတ်သီး ခြောက်အိတ်များနှင့် ရောနှော၍ တရားမဝင်ကုန်ပစ္စည်းများဖြစ်သော Used Motor Cycle (၄) စီး နှင့် ပြည်ပ နိုင်ငံထုတ် Full Moon Wine (၄၅) ဖာအား တရားမဝင်သယ်ဆောင်ရန် မူလကပင် ကြိုတင်စီစဉ်ထားခြင်း ဖြစ်နိုင်သည်ဟု တင်ပြသည်။

ထို့အပြင် အယူခံလျှောက်ထားသူ၏ အခင်းဖြစ်ငရုတ်သီးခြောက် (1x20kg) (၃၅၀) အိတ်ဖြင့် မော်တော်ယာဉ်ပေါ်တွင် တရားမဝင်ကုန်ပစ္စည်းများဖြစ်သည့် Used Motor Cycle (၄) စီး နှင့် ပြည်ပနိုင်ငံထုတ် Full Moon Wine (၄၅) ဖာတို့အား ဖုံးအုပ်သိုဝှက်၍ သယ်ဆောင်လာခဲ့သည်မှာ ပေါ်လွင်နေခြင်း၊ အဆိုပါ ငရုတ်သီးခြောက်အိတ်များသည် ပုပ်သိုးပျက်စီးလွယ်ကုန်ပစ္စည်းဖြစ်သဖြင့် အမြန်ဆုံးလေလံတင်ရောင်းချ နိုင်ရန် ဆောင်ရွက်ခဲ့ရာပစ္စည်းပိုင်ရှင်ဖြစ်သူ ဦးနေသူကိုယ်တိုင် လေလံအောင်မြင်ခဲ့၍ အခင်းဖြစ်ပစ္စည်းများ မှာလည်း ပစ္စည်းပိုင်ရှင်ဖြစ်သူထံ ပြန်လည်ရောက်ရှိသွားပြီးဖြစ်ခြင်း၊ အဆိုပါ ငရုတ်သီးခြောက်အိတ်များသည် တရားမဝင်ကုန်ပစ္စည်းများသယ်ဆောင်ရာတွင် သိုဝှက်ဖုံးအုပ်ကုန်အဖြစ် အသုံးပြု၍ သယ်ဆောင်လာ ခဲ့ခြင်းဖြစ်၍ အခင်းဖြစ်ငရုတ်သီးခြောက်အိတ်အား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း အရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် တောင်ကြီးမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနမှူး၏အမိန့်ကို အတည်ပြုပြီး အယူခံလွှာကို **"ပလပ်"** ပေးနိုင်ပါရန် တင်ပြသည်။

နှစ်ဖက်လျှောက်လဲချက်များအား စိစစ်ရာတွင် အခင်းဖြစ်ငရုတ်သီးခြောက်အိတ်များသည် PAING Family International Co.,Ltd က ပို့ကုန်ကြေညာလွှာဖြင့်တင်ပို့မည့် ကုန်ပစ္စည်းများဖြစ်ကြောင်း ပေါ်ပေါက်ပြီး လျှောက်ထားသူ၏အကျိုးဆောင်ရှေ့နေက ကုမ္ပဏီပိုင်ပစ္စည်းများဖြစ်ကြောင်း တင်ပြထား သော်လည်း ယင်းကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အယူခံလျှောက်ထားရာတွင် ဥပဒေ၊ ညွှန်ကြားချက် များနှင့်အညီ ကုမ္ပဏီအမည်ဖြင့် လျှောက်ထားခြင်းမရှိကြောင်းနှင့် ကုန်သည်တစ်ဦး၏ ပိုင်ဆိုင်သော ပစ္စည်းများအဖြစ် ရည်ညွှန်းလျှောက်ထားချက်များကို ဖော်ပြထားကြောင်းတွေ့ရှိရသဖြင့် ဥပဒေနှင့်အညီ တိကျခိုင်မာစွာ လျှောက်ထားတင်ပြနိုင်မှုမရှိကြောင်း သုံးသပ်တွေ့ရှိရသည်။ ကုန်ပစ္စည်း၏ သဘာဝအရ အပေါ်ကုန်အဖြစ် ကုန်ပေါ့ဖြစ်သော ငရုတ်သီးခြောက်အိတ်များကို ဆိုင်ကယ်များနှင့် WINE ဖာများအပေါ်က တင်ဆောင်လာသည်ဟုဆိုသော်လည်း အဆိုပါ ဆိုင်ကယ်များနှင့် WINE ဖာများသည် တရားမဝင်တင်သွင်း

လာသော ကုန်ပစ္စည်းများဖြစ်၍ ယင်းတို့ကို ဖုံးအုပ်သိုဝှက်၍ သယ်ယူလာခြင်းဟု မှတ်ယူခြင်းမှာ မှားယွင်းသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

လျှောက်ထားသူ၏ အကျိုးဆောင်ရှေ့နေက တာချီလိတ်ကုန်သွယ်ရေးစခန်း (မယ်ယန်း) အကောက်ခွန်ဦးစီးအရာရှိ၏ ပြန်လည်သယ်ယူခွင့်ပြုစာအရ သယ်ဆောင်လာခြင်းဖြစ်ကြောင်း တင်ပြထားသော်လည်း အကောက်ခွန်ဦးစီးအရာရှိ၏ ပြန်လည်သယ်ယူခွင့်ပြုစာကို အမှုတွဲတွင် တွေ့ရှိရခြင်းမရှိဘဲ PAING Family International Co., Ltd ၏ Managing Director က ငရုတ်သီးခြောက်အိတ်များ ပြန်လည်သယ်ယူခွင့်ပြုရန် တင်ပြစာတွင် မယ်ယန်း၊ မိုင်းဖြတ်၊ နောင်နွန်းဂိတ်တို့အား ဖြတ်သန်းကြောင်း အမှတ်တံဆိပ်ခတ်နှိပ်ပေးထားသည်ကိုသာတွေ့ရသည်။ ယင်းတင်ပြစာတွင် သယ်ဆောင်မည့်ကုန်ပစ္စည်းအမျိုးအစား၊ အရေအတွက် မှန်ကန်ပါကြောင်းနှင့် ဥပဒေနှင့်မလွတ်ကင်းသော အခြားပစ္စည်းများကို သယ်ဆောင်ခြင်းမပြုပါကြောင်း ဝန်ခံကတိပြုထားပြီး အမှန်တကယ်သယ်ဆောင်ရာတွင် ငရုတ်သီးခြောက် (၃၉၁) အိတ်အနက် (၃၅၀) အိတ်ကို သာသယ်ဆောင်ခဲ့ခြင်း၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ကန့်သတ်တားမြစ်ထားသော WINE ဖာများကို အဆိုပါ ငရုတ်သီးခြောက်အိတ်များနှင့် ဖုံးအုပ်သိုဝှက်၍ သယ်ဆောင်လာခြင်းဖြစ်သောကြောင့် မရိုးမဖြောင့်သော သဘောဖြင့် သယ်ဆောင်လာခြင်းဖြစ်ကြောင်း သုံးသပ်ရရှိသည်။

အမှုတွဲပါ စာရွက်စာတမ်းများအရ တောင်ကြီးမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနမှူးရုံးက အခင်းဖြစ် ငရုတ်သီးခြောက်အိတ်များအား မည်သည့်အတွက် အရေးမယူထိုက်ကြောင်းကို ဤစာထုတ်ပြန်ပြီးနောက် ၁၄ ရက်အတွင်း လာရောက်ထုချေတင်ပြရန် ၃၀-၄-၂၀၂၂ ရက်နေ့တွင် ဦးကျော်စွာဝင်း အား အကြောင်းကြားခဲ့သော်လည်း ထုချေလွှာတင်သွင်းရမည့် နေ့ရက်မတိုင်မီ ၁-၅-၂၀၂၂ ရက်နေ့တွင် အခင်းဖြစ်ငရုတ်သီးခြောက်အိတ်များအား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းလိုက်ကြောင်း အမိန့်ချမှတ်ထားသည်ကိုတွေ့ရှိရသဖြင့် အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုမရှိသော ဆောင်ရွက်ချက်ဖြစ်ကြောင်း ပေါ်ပေါက်ပါသည်။

ထို့အပြင် အခင်းဖြစ်ငရုတ်သီးခြောက်အိတ်များကို Re-Importation စာရွက်စာတမ်းခွင့်ပြုချက်မရှိဘဲ သယ်ဆောင်လာခြင်းဖြစ်ကြောင်း ဌာနဆိုင်ရာကိုယ်စားလှယ်က ချေပလျှောက်လဲတင်ပြခဲ့သော်လည်း အမှုတွဲပါ အကောက်ခွန်ဦးစီးဌာန၏အမိန့်တွင် အခင်းဖြစ်ငရုတ်သီးခြောက်အိတ်များသည် တရားမဝင် အကောက်ခွန်မဲ့ကုန်ပစ္စည်းများကို သိုဝှက်ဖုံးအုပ်ကုန်အဖြစ်အသုံးပြုသည့် ကုန်ပစ္စည်းများဖြစ်ခြင်းကြောင့် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းကြောင်း ဖော်ပြထားသည်ကိုတွေ့ရှိရသည်။ Re-Importation ပြုလုပ်ရန် လိုအပ်သည်ဆိုသော အချက်နှင့်စပ်လျဉ်း၍ ထိုသို့ Re-Importation ပြုလုပ်ရန် ညွှန်ကြားထားသော အမိန့်၊ ညွှန်ကြားချက်တစ်စုံတစ်ရာကို သက်ဆိုင်ရာအကောက်ခွန်ဦးစီးဌာနက တင်ပြနိုင်ခြင်းမရှိသကဲ့သို့ ဖုံးအုပ်ကုန်အဖြစ်အသုံးပြုသော ကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ကြောင်း ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိကြောင်း တွေ့ရှိရသည်။

သို့ရာတွင် အခင်းဖြစ်ငရုတ်သီးခြောက်အိတ်များကို ပြန်လည်သယ်ယူခွင့်ပြုရန် တာချီလိတ်ကုန်သွယ်ရေးစခန်း (မယ်ယန်း)၊ အကောက်ခွန်ဦးစီးဌာနသို့ တင်ပြခွင့်ပြုချက်တောင်းခံစဉ်က ဝန်ခံကတိပြုချက်များကိုချိုးဖောက်၍ တရားမဝင်တင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ်မှ ဖုံးအုပ်သိုဝှက်သော ကုန်အဖြစ်အသုံးပြုခဲ့ကြောင်း ထင်ရှားပေါ်ပေါက်သည်ကို တွေ့ရှိရသည်။ သို့ဖြစ်၍ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

တောင်ကြီးမြို့နယ်၊ အကောက်ခွန်ဦးစီးဌာန၏ ၁-၅-၂၀၂၂ ရက်စွဲပါ အမိန့်စာအမှတ်၊ ၁၁-တက/၂၀၂၂ (၀၁၁) ဖြင့် သက်သေခံငရုတ်သီးခြောက်အိတ်များကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့သည့်အမိန့်အား အတည်မပြုပါ။ ပစ္စည်းပိုင်ရှင်အား သက်သေခံငရုတ်သီးခြောက် (၃၅၀) အိတ်ကို သင့်လျော်သည့်ဒဏ်ကြေးငွေဖြင့် ရွေးယူခွင့်ပြုရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

| ကျော်ကျော် | ရီရီမြင့် | ဝင်းနိုင် |
|---|---|---|
| အဖွဲ့ဝင် | ခုံအဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇၉/၂၀၂၃)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲ ၅၄၈၁ ယာယီရဲမှူးချုပ် ကျော်သီဟ အား ယာယီခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၆ ရက်)

အမှတ် ၃၉။ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၃) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲမှ အောက်ဖော်ပြပါ အရာရှိကြီးအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| **အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ** | **တိုးမြှင့်ခန့်ထားမည့် ရာထူး၊ လစာနှုန်း၊ ဌာန** |
|---|---|
| ဦးကျော်ဇင်သန့်<br>လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်<br>လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊ ဝန်ကြီးရုံး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး<br>ဦးစီးဌာန |

အမှတ် ၄၀။ ဤဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁၄) ဖြင့် ဖွဲ့စည်းခဲ့သည့် မကွေးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၊ အဖွဲ့ဝင် တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး **အစား** တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမျိုးလှိုင် ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမျိုးဇော် **အစား** ညွှန်ကြားရေးမှူး ဦးကျော်ခိုင်ဦး ဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်း လိုက်ပါသည်။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၂၃)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၂၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၃-၃-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၆/၂-၅ (၄၃၄၇)/အဖရ (ရှမ်း) နှင့် ၆/၂-၅ (၄၃၄၈) အဖရ (ရှမ်း) တို့ဖြင့် ညှိနှိုင်းတင်ပြချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၇- ၇-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၁/၂-၃ (၁၁၅၇)/၂၀၂၂ ပါ အတည်ပြုချက်နှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၏ ၂၈-၃-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၃၆၀၀/မပ(မြေတိုင်း)-၂(၂၀၂၃) ဖြင့် စိစစ်တင်ပြချက်တို့အရ ရှမ်းပြည်နယ်အတွင်းရှိ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊ ဟောင်ကြန့်ကျေးရွာအုပ်စု ဟောင်ကွေ့ကျေးရွာ မြေ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် ဒုတိယဦးစားပေးကျေးရွာမြေငှားဂရန် ထုတ်ပေး နိုင်ရေး ကွက်ကျဲ၊ ကွက်စိပ်မြေတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ရန်နှင့် တာချီလိတ်ခရိုင်၊ တာချီလိတ် မြို့နယ်၊ မိုင်းဖုန်း (က) ကျေးရွာအုပ်စု၊ ပါခါးကျေးရွာနှင့် မိုင်းဖြတ်မြို့နယ်၊ ဝမ်လုံးကျေးရွာအုပ်စု၊ နားလီးရွာမ ကျေးရွာတို့တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင်းဆောင်ရွက်မည့် ဒုတိယဦးစားပေး ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးတို့အတွက် မြေတိုင်းတာရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရန် ၂၀၁၉ ခုနှစ်၊ **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်အုပ်ချုပ်ရေးမှူးများ** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်ဦးစီးဌာနမှူးများ** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၂၃)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၇-၃-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၃/၆-၃၀၇ (၀၂၇၄)/အစိုးရ (ဧရာဝတီ) ဖြင့် ညှိနှိုင်းတင်ပြချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၇-၇-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၁/၂-၃ (၁၁၅၇)/၂၀၂၂ ပါ အတည်ပြုချက်နှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၂၈-၃-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၃၅၉၉/မပ(မြေတိုင်း)-၂(၂၀၂၃) ဖြင့် စိစစ်တင်ပြချက်တို့အရ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၏ အမှတ် (၁၀) ရပ်ကွက်ကို မြို့မြေတိုင်းတာခြင်းလုပ်ငန်းများကို လုပ်ထုံး လုပ်နည်းနှင့်အညီဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ်၊ **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်

လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်)

၂၀၂၃ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ မီးငြှိမ်းသတ်ယာဉ် (၃) စီးနှင့် မီးသတ်ရေသယ်ယာဉ် (၁) စီး စုစုပေါင်းယာဉ် (၄) စီးကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ အဆိုပါယာဉ်များသည် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူထားသောယာဉ်များဖြစ်ခြင်း၊ တင်သွင်းယာဉ်များသည် မီးသတ်ယာဉ်များဖြစ်ခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားခြင်း၊ ဌာနမှထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၂ (က) အရ ဖောင်းကြွနံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့်ပတ်သက်သည့် အခငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်-

(က) ကချင်ပြည်နယ်မီးသတ်ဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်ရှိ ကချင်ပြည်နယ်မီးသတ်စခန်းတွင် မီးငြှိမ်းသတ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် Timeless Myanmar Co., Ltd မှ တင်ဒါအောင်မြင်၍ ပြည်ပမှဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် Sino Truck Howo ZZ1127G4715C1, အမျိုးအစား Fire Fighting Truck (4 x 2)L, 2021 Model, 3S–6247, 3S–6252, 3S–6253 မီးငြှိမ်းသတ်ယာဉ် (၃) စီး၊

(ခ) ကချင်ပြည်နယ်မီးသတ်ဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်ရှိ ကချင်ပြည်နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် Myanmar Trade Center Co.,Ltd မှ တင်ဒါအောင်မြင်၍ ပြည်ပမှဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် Howo, အမျိုးအစား Fire Fighting Truck (4x2) L, 2022 Model, 3S–6876 မီးသတ်ရေသယ်ယာဉ် (၁) စီး။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၂၆ ရက်)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း (ရုံးချုပ်) နှင့် စက်ရုံများတွင် တာဝန်ထမ်းဆောင်နေသော အောက်ဖော်ပြပါ အရာထမ်း (၁၂) ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲပါ ရာထူးနေရာအသီးသီးသို့ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားလိုသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| ၁။ | ဒေါ်လွင်လွင်မာ | လက်ထောက်အထွေထွေမန်နေဂျာ (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ထုတ်လုပ်ရေးဌာန အမှတ် (၃) အကြီးစားစက်မှု လုပ်ငန်း (ရုံးချုပ်) | ဒုတိယအထွေထွေမန်နေဂျာ (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ထုတ်လုပ်ရေးဌာန အမှတ် (၃) အကြီးစားစက်မှု လုပ်ငန်း (ရုံးချုပ်) |
| ၂။ | ဦးနေထွဏ်း | လက်ထောက်အထွေထွေမန်နေဂျာ (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ထုတ်လုပ်ရေးဌာန အမှတ် (၃) အကြီးစားစက်မှု လုပ်ငန်း (ရုံးချုပ်) | ဒုတိယအထွေထွေမန်နေဂျာ (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အရည်အသွေးထိန်းသိမ်းရေးဌာန အမှတ် (၃) အကြီးစားစက်မှု လုပ်ငန်း (ရုံးချုပ်) |
| ၃။ | ဒေါ်မေမေစိုး | လက်ထောက်အထွေထွေမန်နေဂျာ (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဘဏ္ဍာရေးဌာန အမှတ် (၃) အကြီးစားစက်မှု လုပ်ငန်း (ရုံးချုပ်) | ဒုတိယအထွေထွေမန်နေဂျာ (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဘဏ္ဍာရေးဌာန အမှတ် (၃) အကြီးစားစက်မှု လုပ်ငန်း (ရုံးချုပ်) |
| ၄။ | ဒေါ်အောင်အောင်ထွန်း | လက်ထောက်အထွေထွေမန်နေဂျာ (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အုပ်ချုပ်ရေးဌာန အမှတ် (၃) အကြီးစားစက်မှု လုပ်ငန်း (ရုံးချုပ်) | ဒုတိယအထွေထွေမန်နေဂျာ (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အုပ်ချုပ်ရေးဌာန အမှတ် (၃) အကြီးစားစက်မှု လုပ်ငန်း (ရုံးချုပ်) |
| ၅။ | ဦးသိန်းလွင် | လက်ထောက်စက်ရုံမှူး (စီမံကိန်း) (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အမှတ် (၈) အထည်စက်ရုံ (ပျော်ဘွယ်) | ဒုတိယအထွေထွေမန်နေဂျာ (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရောင်းချဖြန့်ဖြူးရေးဌာန အမှတ် (၃) အကြီးစားစက်မှု လုပ်ငန်း (ရုံးချုပ်) |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားလိုသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| ၆။ | ဦးမြတ်ငွေး | လက်ထောက်စက်ရုံမှူး (ထုတ်လုပ်ရေး) (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အမှတ် (၈) အထည်စက်ရုံ (ပျော်ဘွယ်)၊ အမှတ် (၈) အထည်စက်ရုံခွဲ (ရမည်းသင်း) စက်ရုံခွဲတာဝန်ခံ | ဒုတိယစက်ရုံမှူး (စီမံကိန်း) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အမှတ် (၉) အထည်စက်ရုံ (ကျောက်ဆည်)၊ အမှတ် (၈) အထည်စက်ရုံခွဲ (ရမည်းသင်း) စက်ရုံခွဲတာဝန်ခံ |
| ၇။ | ဦးတင်စိုးလှိုင် | လက်ထောက်စက်ရုံမှူး (စီမံကိန်း) (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အမှတ် (၁) အထည်စက်ရုံ (ရွှေတောင်)၊ လုပ်ငန်း (ရုံးချုပ်) စီမံရေးဌာနတွဲဖက် | ဒုတိယစက်ရုံမှူး (စီမံကိန်း) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အမှတ် (၁) အထည်စက်ရုံ (ရွှေတောင်)၊ လုပ်ငန်း (ရုံးချုပ်) စီမံရေးဌာနတွဲဖက် |
| ၈။ | ဦးသက်တင်ဦး | လက်ထောက်စက်ရုံမှူး (စီမံကိန်း) (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု) | ဒုတိယစက်ရုံမှူး (စီမံကိန်း) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု) |
| ၉။ | ဦးမျိုးခိုင်အောင် | လက်ထောက်စက်ရုံမှူး (ထုတ်လုပ်ရေး) (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အမှတ် (၁) အထည်စက်ရုံ (ရွှေတောင်)၊ စက်ရုံတာဝန်ခံ | ဒုတိယစက်ရုံမှူး (ထုတ်လုပ်ရေး) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အမှတ် (၁) အထည်စက်ရုံ (ရွှေတောင်)၊ စက်ရုံတာဝန်ခံ |
| ၁၀။ | ဦးဝင်းထွန်းနိုင် | လက်ထောက်စက်ရုံမှူး (ထုတ်လုပ်ရေး) (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) | ဒုတိယစက်ရုံမှူး (ထုတ်လုပ်ရေး) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) |
| ၁၁။ | ဦးကျော်မြင့်စိုး | လက်ထောက်စက်ရုံမှူး (ထုတ်လုပ်ရေး) (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) စက်မှုနယ်မြေ (သထုံ) စက်ရုံတာဝန်ခံ | ဒုတိယစက်ရုံမှူး (ထုတ်လုပ်ရေး) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) စက်မှုနယ်မြေ (သထုံ) စက်ရုံတာဝန်ခံ |
| ၁၂။ | ဦးထွန်းမြင့်အောင် | လက်ထောက်စက်ရုံမှူး (ထုတ်လုပ်ရေး) (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အမှတ် (၃) အထည်စက်ရုံ (စစ်ကိုင်း)၊ အမှတ် (၃) အထည်စက်ရုံခွဲ (စစ်ကိုင်း) ၏ စက်ရုံခွဲတာဝန်ခံ | ဒုတိယစက်ရုံမှူး (စီမံကိန်း) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အမှတ် (၃) အထည်စက်ရုံ (စစ်ကိုင်း)၊ အမှတ် (၃) အထည်စက်ရုံခွဲ (စစ်ကိုင်း) ၏ စက်ရုံခွဲတာဝန်ခံ |

## အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၃)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း (ရုံးချုပ်) နှင့် စက်ရုံများတွင် တာဝန်ထမ်းဆောင်နေသော အောက်ဖော်ပြပါ အရာထမ်း (၇) ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲပါ ရာထူးနေရာအသီးသီးသို့ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားလိုသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| ၁။ | ဦးကြည်လွင် | ဒုတိယအထွေထွေမန်နေဂျာ (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အရည်အသွေးထိန်းသိမ်းရေးဌာန အမှတ် (၃) အကြီးစားစက်မှု လုပ်ငန်း (ရုံးချုပ်) | အထွေထွေမန်နေဂျာ (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အရည်အသွေးထိန်းသိမ်းရေးဌာန အမှတ် (၃) အကြီးစားစက်မှု လုပ်ငန်း (ရုံးချုပ်) |
| ၂။ | ဦးအောင်မြင့်သူ | ဒုတိယအထွေထွေမန်နေဂျာ (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရောင်းချဖြန့်ဖြူးရေးဌာန အမှတ် (၃) အကြီးစားစက်မှု လုပ်ငန်း (ရုံးချုပ်) | အထွေထွေမန်နေဂျာ (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အုပ်ချုပ်ရေးဌာန အမှတ် (၃) အကြီးစားစက်မှု လုပ်ငန်း (ရုံးချုပ်) |
| ၃။ | ဦးသိန်းဇော်ဦး | ဒုတိယစက်ရုံမှူး (စီမံကိန်း) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) | စက်ရုံမှူး (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) |
| ၄။ | ဦးသန့်စင်အောင် | ဒုတိယစက်ရုံမှူး (စီမံကိန်း) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အမှတ် (၆) အထည်စက်ရုံ (ဆားလင်းကြီး) | စက်ရုံမှူး (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အမှတ် (၆) အထည်စက်ရုံ (ဆားလင်းကြီး) |
| ၅။ | ဦးကျော်ဇံသိန်း | ဒုတိယစက်ရုံမှူး (ထုတ်လုပ်ရေး) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အမှတ် (၄) အထည်စက်ရုံ (ပွင့်ဖြူ) | စက်ရုံမှူး (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အမှတ် (၄) အထည်စက်ရုံ (ပွင့်ဖြူ) |
| ၆။ | ဦးအောင်ဇော်ဦး | ဒုတိယစက်ရုံမှူး (စီမံကိန်း) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အမှတ် (၁၁) အထည်စက်ရုံ (ပခုက္ကူ) | စက်ရုံမှူး (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အမှတ် (၁၁) အထည်စက်ရုံ (ပခုက္ကူ) |
| ၇။ | ဦးကျော်နိုင် | ဒုတိယစက်ရုံမှူး (စီမံကိန်း) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အမှတ် (၁၀) အထည်စက်ရုံ (တောင်သာ) | စက်ရုံမှူး (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အမှတ် (၁၀) အထည်စက်ရုံ (တောင်သာ) |

## အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၃)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း (ရုံးချုပ်) နှင့် စက်ရုံများတွင် တာဝန်ထမ်းဆောင်နေသော အောက်ဖော်ပြပါ အရာထမ်း (၉) ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲပါ ရာထူးနေရာအသီးသီးသို့ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားလိုသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| ၁။ | ဦးစိန်လင်းအောင် | လက်ထောက်အထွေထွေမန်နေဂျာ<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>စီမံရေးဌာန<br>လုပ်ငန်း (ရုံးချုပ်) | ဒုတိယအထွေထွေမန်နေဂျာ<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>စီမံရေးဌာန<br>လုပ်ငန်း (ရုံးချုပ်) |
| ၂။ | ဦးကျော်ကျော်လတ် | လက်ထောက်အထွေထွေမန်နေဂျာ<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>အရည်အသွေးထိန်းသိမ်းရေးဌာန<br>လုပ်ငန်း (ရုံးချုပ်) | ဒုတိယအထွေထွေမန်နေဂျာ<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>အရည်အသွေးထိန်းသိမ်းရေးဌာန<br>လုပ်ငန်း (ရုံးချုပ်) |
| ၃။ | ဒေါ်မိုးသူဇာနိုင် | လက်ထောက်အထွေထွေမန်နေဂျာ<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>အရည်အသွေးထိန်းသိမ်းရေးဌာန<br>လုပ်ငန်း (ရုံးချုပ်) | ဒုတိယစက်ရုံမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>အမှတ်(၃၂)အကြီးစားစက်ရုံ(ကြံခင်း) |
| ၄။ | ဦးမိုးအောင် | လက်ထောက်အထွေထွေမန်နေဂျာ<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>လုပ်ငန်း (ရုံးချုပ်) | ဒုတိယအထွေထွေမန်နေဂျာ<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>လုပ်ငန်း (ရုံးချုပ်) |
| ၅။ | ဦးမောင်မောင်ထွန်း | လက်ထောက်အထွေထွေမန်နေဂျာ<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>လုပ်ငန်း (ရုံးချုပ်) | ဒုတိယအထွေထွေမန်နေဂျာ<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>လုပ်ငန်း (ရုံးချုပ်) |
| ၆။ | ဒေါ်ခင်အေးမြင့် | လက်ထောက်အထွေထွေမန်နေဂျာ<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ရောင်းချဖြန့်ဖြူးရေးဌာန<br>လုပ်ငန်း (ရုံးချုပ်) | ဒုတိယအထွေထွေမန်နေဂျာ<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ရောင်းချဖြန့်ဖြူးရေးဌာန<br>လုပ်ငန်း (ရုံးချုပ်) |
| ၇။ | ဦးမြင့်ဋ္ဌေး | လက်ထောက်စက်ရုံမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>စီမံကိန်းဌာန<br>အမှတ် (၃၁) အကြီးစားစက်ရုံ (သရက်) | ဒုတိယစက်ရုံမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>စီမံကိန်းဌာန<br>အမှတ်(၃၁)အကြီးစားစက်ရုံ(သရက်) |
| ၈။ | ဦးဝင်းနိုင်ဦး | လက်ထောက်စက်ရုံမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>စီမံကိန်းဌာန<br>အမှတ် (၃၂) အကြီးစားစက်ရုံ (ကြံခင်း) | ဒုတိယစက်ရုံမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>စီမံကိန်းဌာန<br>အမှတ်(၃၂)အကြီးစားစက်ရုံ(ကြံခင်း) |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားလိုသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| ၉။ | ဦးကျော်ကျော်ခိုင် | လက်ထောက်စက်ရုံမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) စီမံကိန်းဌာနအင်အားဖြင့် အုပ်ချုပ်ရေးဌာနတာဝန် အမှတ် (၃၄) အကြီးစားစက်ရုံ (သာယာဝတီ) | ဒုတိယစက်ရုံမှူး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) စီမံကိန်းဌာနအင်အားဖြင့် အုပ်ချုပ်ရေးဌာနတာဝန် အမှတ် (၃၄) အကြီးစားစက်ရုံ (သာယာဝတီ) |

## အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၃)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း (ရုံးချုပ်) နှင့် စက်ရုံများတွင် တာဝန်ထမ်းဆောင်နေသော အောက်ဖော်ပြပါ အရာထမ်း (၃) ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲပါ ရာထူးနေရာအသီးသီးသို့ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားလိုသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| ၁။ | ဦးမျိုးတင့်ထွန်း | ဒုတိယအထွေထွေမန်နေဂျာ (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အရည်အသွေးထိန်းသိမ်းရေးဌာန လုပ်ငန်း (ရုံးချုပ်) | အထွေထွေမန်နေဂျာ (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အရည်အသွေးထိန်းသိမ်းရေးဌာန လုပ်ငန်း (ရုံးချုပ်) |
| ၂။ | ဦးဇော်လင်းထွန်း | ဒုတိယအထွေထွေမန်နေဂျာ (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) နည်းပညာဖွံ့ဖြိုးရေးဌာန လုပ်ငန်း (ရုံးချုပ်) | စက်ရုံမှူး (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အမှတ် (၃၅) အကြီးစားစက်ရုံ (ချောက်) အင်အားဖြင့် လုပ်ငန်း (ရုံးချုပ်) နည်းပညာဖွံ့ဖြိုးရေးတာဝန် |
| ၃။ | ဒေါ်သီတာဦး | ဒုတိယအထွေထွေမန်နေဂျာ (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ထုတ်လုပ်ရေးဌာန လုပ်ငန်း (ရုံးချုပ်) | အထွေထွေမန်နေဂျာ (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) စီမံရေးဌာန လုပ်ငန်း (ရုံးချုပ်) |

## အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၃)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း (ရုံးချုပ်) နှင့် စက်ရုံများတွင် တာဝန်ထမ်းဆောင်နေသော အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲပါ ရာထူးနေရာအသီးသီးသို့ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားလိုသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| ၁။ | ဦးကိုးရယ် | လက်ထောက်အထွေထွေမန်နေဂျာ (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အုပ်ချုပ်ရေးဌာန အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း | ဒုတိယအထွေထွေမန်နေဂျာ (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အုပ်ချုပ်ရေးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားလိုသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| ၂။ | ဦးစိုးမင်းထွန်း | လက်ထောက်စက်ရုံမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ထုတ်လုပ်ရေးဌာန (၂)<br>အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း | ဒုတိယစက်ရုံမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ထုတ်လုပ်ရေးဌာန (၂)<br>အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)<br>အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း |

## အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၃)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း (ရုံးချုပ်)၊ အရည်အသွေးထိန်းသိမ်းရေးဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်းတွင် တာဝန်ထမ်းဆောင်နေသော ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်စိုးဝေ အား ယင်းလုပ်ငန်း၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) သို့ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) တန်း၊ စက်ရုံမှူးရာထူးဖြင့် လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၃)

စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန (ရုံးချုပ်)၊ စက်မှုဖွံ့ဖြိုးရေးဌာနမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) တန်းတွင် တာဝန်ထမ်းဆောင်နေသော ဒုတိယညွှန်ကြားရေးမှူး ဒေါ်သူသူထွန်း အား လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်း၊ ညွှန်ကြားရေးမှူးရာထူးသို့ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၃)

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) နှင့် စက်ရုံများတွင် တာဝန်ထမ်းဆောင်နေသော အောက်ဖော်ပြပါ အရာထမ်း (၃) ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲပါ ရာထူးနေရာအသီးသီးသို့ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားလိုသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| ၁။ | ဦးဝင်းဌေး | ဒုတိယစက်ရုံမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ကုန်ထုတ်လုပ်ရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | အထွေထွေမန်နေဂျာ<br>(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၂။ | ဦးအောင်သူ | ဒုတိယစက်ရုံမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ကုန်ထုတ်လုပ်ရေးဌာန<br>ဆပ်ပြာစက်ရုံ (မန္တလေး) | အထွေထွေမန်နေဂျာ<br>(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)<br>ထုတ်လုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၃။ | ဒေါ်အေးသီတာထွန်း | ဒုတိယစက်ရုံမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>စီမံကိန်းဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | စက်ရုံမှူး<br>(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)<br>ဆေးဝါးစက်ရုံ (အင်းရောင်း) |

## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၃)

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) နှင့် စက်ရုံများတွင် တာဝန်ထမ်းဆောင်နေသော အောက်ဖော်ပြပါ အရာထမ်း (၈) ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲပါ ရာထူးနေရာအသီးသီးသို့ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားလိုသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| ၁။ | ဒေါ်စန်းစန်းရွှေ | လက်ထောက်အထွေထွေမန်နေဂျာ<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>အရည်အသွေးထိန်းသိမ်းရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | ဒုတိယအထွေထွေမန်နေဂျာ<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>အရည်အသွေးထိန်းသိမ်းရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၂။ | ဒေါ်မော်မော်မြင့် | လက်ထောက်အထွေထွေမန်နေဂျာ<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ထုတ်လုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | ဒုတိယစက်ရုံမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ကုန်ထုတ်လုပ်ရေးဌာန<br>ဆပ်ပြာစက်ရုံ (မန္တလေး) |
| ၃။ | ဒေါ်အေးကျော့ခိုင် | လက်ထောက်အထွေထွေမန်နေဂျာ<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>စီမံရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | ဒုတိယအထွေထွေမန်နေဂျာ<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>နည်းပညာဖွံ့ဖြိုးရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၄။ | ဦးမောင်မောင်လွင် | လက်ထောက်အထွေထွေမန်နေဂျာ<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ရောင်းချဖြန့်ဖြူးရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | ဒုတိယစက်ရုံမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းရောင်း) |
| ၅။ | ဦးနေစိုး | လက်ထောက်အထွေထွေမန်နေဂျာ<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | ဒုတိယအထွေထွေမန်နေဂျာ<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၆။ | ဒေါ်ယုဝတီ<br>တင်လှမိုး | လက်ထောက်အထွေထွေမန်နေဂျာ<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ရောင်းချဖြန့်ဖြူးရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | ဒုတိယအထွေထွေမန်နေဂျာ<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ရောင်းချဖြန့်ဖြူးရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၇။ | ဒေါ်မိုးမိုးကြည် | လက်ထောက်စက်ရုံမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ကုန်ထုတ်လုပ်ရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းရောင်း) | ဒုတိယအထွေထွေမန်နေဂျာ<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ထုတ်လုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၈။ | ဦးဇော်မိုးခိုင် | လက်ထောက်စက်ရုံမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>မြင်းနှင့် သိုးမွေးမြူရေးဌာန<br>မြင်းနှင့် သိုးမွေးမြူရေးစခန်း | ဒုတိယစက်ရုံမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>မြင်းနှင့် သိုးမွေးမြူရေးဌာန<br>မြင်းနှင့် သိုးမွေးမြူရေးစခန်း |

## အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၃)

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ စက်မှုကြီးကြပ်ရေးဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်းတွင် တာဝန်ထမ်းဆောင်နေသော ညွှန်ကြားရေးမှူး ဦးတင်ရွှေဦး အား လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) တန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စက်မှု) ရာထူးသို့ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၁-က/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်)

၁။ စက်မှုဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၃) အရ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အရည်အသွေးထိန်းသိမ်းရေးဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်း၊ ဒုတိယအထွေထွေမန်နေဂျာရာထူးဖြင့် ပြည်ထောင်စုဝန်ကြီး၏ ကိုယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေသော ဦးမျိုးတင့်ထွန်း အား အရည်အသွေးထိန်းသိမ်းရေးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) တန်း အထွေထွေမန်နေဂျာရာထူးသို့ လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပါသဖြင့် ဦးမျိုးတင့်ထွန်း အား အထွေထွေမန်နေဂျာ ရာထူးဖြင့် ပြည်ထောင်စုဝန်ကြီး၏ ကိုယ်ရေးအရာရှိအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်စေလိုက်သည်။

၂။ ၎င်း၏ လစာနှင့် စရိတ်ကို အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ ကျခံရမည်ဖြစ်ပါသည်။

ဒေါက်တာ ချာလီသန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၂၃ ရက်)

၂၀၂၃ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်အရ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသူ အား လစဉ်ချီးမြှင့်ငွေ (၂၇၅,၀၀၀/-) တိတိဖြင့် ၂၀၂၃ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ နံနက်ပိုင်းမှ ၂၀၂၄ ခုနှစ်၊ မတ် ၁၉ ရက်နေ့ ညနေပိုင်းအထိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့တွင် ကျွမ်းကျင်သူအဖြစ် (ဒုတိယအကြိမ်) တစ်နှစ်တာဝန်ပေး ခန့်ထားလိုက်သည်။

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၁၆ ရက်)

အမှတ် ၂၅၉။ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးမှ လက်ထောက်ဆရာဝန် (သစ်လွင်) ဒေါက်တာ ကျော်စွာဝင်း (ဘ–ဦးခင်မောင်ဆန်း) သည် အလုပ်ဝင်ရောက်ထမ်းဆောင်မှုမရှိသဖြင့် ဝန်ထမ်းအဖြစ်ခန့်ထားခြင်းမှ ပယ်ဖျက်ခဲ့ခြင်းအား အလုပ်ဝင်ရောက်ထမ်းဆောင်လိုကြောင်း လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃) ဆုံးဖြတ်ချက်အရ ၎င်းဆေးရုံကြီးတွင် လက်ထောက်ဆရာဝန်၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) အဖြစ် အလုပ်ဝင်ရောက်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

လက်ထောက်ဆရာဝန် (သစ်လွင်) အဖြစ် ခန့်ထားခြင်းခံရသူသည် ၂၀၂၃ ခုနှစ် မတ်လအတွင်း အလုပ်ဝင်ရောက်ထမ်းဆောင်ရန်နှင့် သက်ဆိုင်ရာဆေးရုံအုပ်ကြီးအနေဖြင့် အဆိုပါ လက်ထောက်ဆရာဝန် (သစ်လွင်) အား ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာ၊ ကလေးကျန်းမာပညာ၊ အရိုးရောဂါပညာနှင့် မေ့ဆေးပညာတို့အား မဖြစ်မနေ လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနတွင် အလှည့်ကျတာဝန်ချထား ဆောင်ရွက်ရန်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်စွဲပါ စာအမှတ်၊ စဆရ/ ကင်းကွာ/ ဆရာဝန်/ ၂၀၂၂ (၂၂၃၅) ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာပါ အမှတ်စဉ် (၁၃) အား ဤအမိန့်စာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

အမှတ် ၂၆၀။ ရန်ကုန်မြို့၊ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးမှ လက်ထောက်ဆရာဝန် (သစ်လွင်) ဒေါက်တာ သူရထွန်း (ဆမ–၄၇၉၅၃) သည် အလုပ်ဝင်ရောက်ထမ်းဆောင်မှုမရှိသဖြင့် ဝန်ထမ်းအဖြစ်ခန့်ထားခြင်းမှ ပယ်ဖျက်ခဲ့ခြင်းအား အလုပ်ဝင်ရောက်ထမ်းဆောင်လိုကြောင်း လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃) ဆုံးဖြတ်ချက်အရ ၎င်းဆေးရုံကြီးတွင် လက်ထောက်ဆရာဝန်၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) အဖြစ် အလုပ်ဝင်ရောက်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

လက်ထောက်ဆရာဝန် (သစ်လွင်) အဖြစ် ခန့်ထားခြင်းခံရသူသည် ၂၀၂၃ ခုနှစ် မတ်လအတွင်း အလုပ်ဝင်ရောက်ထမ်းဆောင်ရန်နှင့် သက်ဆိုင်ရာဆေးရုံအုပ်ကြီးအနေဖြင့် အဆိုပါ လက်ထောက်ဆရာဝန် (သစ်လွင်) အား ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာ၊ ကလေးကျန်းမာပညာ၊ အရိုးရောဂါပညာနှင့် မေ့ဆေးပညာတို့အား မဖြစ်မနေ လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနတွင် အလှည့်ကျတာဝန်ချထား ဆောင်ရွက်ရန်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်စွဲပါ စာအမှတ်၊ စဆရ/ ကင်းကွာ/ ဆရာဝန်/ ၂၀၂၂ (၂၂၂၆) ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာပါ အမှတ်စဉ် (၁၉) အား ဤအမိန့်စာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁ ရက် (၂၀၂၃ ခုနှစ်၊ မေလ ၁၉ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### အကောက်ခွန်ဦးစီးဌာန

**အမိန့်အမှတ် (၁/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၃၀ ရက်)

**သက်တမ်းတိုးကာလကျော်လွန်ပြီးမှ လာရောက်ဆောင်ရွက်သော အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းကုမ္ပဏီများနှင့် အကောက်ခွန်ဝန်ဆောင်မှု ဆောင်ရွက်သူများအပေါ် ဒဏ်ကြေး သတ်မှတ်ခြင်းဆိုင်ရာအမိန့်**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်သူများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို အမိန့်ကြော်ငြာစာအမှတ် ၇၄/၂၀၂၀ ဖြင့် ထုတ်ပြန်ခဲ့ပြီး ကုန်ပစ္စည်းတစ်ရပ်ရပ်ကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ တစ်ဆင့်ဖြတ်သန်းသယ်ဆောင်ခြင်းတို့နှင့် ပတ်သက်၍ အကောက်ခွန်ဆိုင်ရာကိစ္စရပ်များအတွက် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီအသစ်ဖွဲ့စည်းခြင်း၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့် ပြုခြင်းနှင့် သက်တမ်းတိုးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၁၊ အပိုဒ်ခွဲ (င) အရ သက်တမ်းကာလ ကျော်လွန်ပြီးမှ သက်တမ်းတိုးဆောင်ရွက်သော ကိစ္စရပ်များကို **အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း (မှတ်ပုံတင်) သက်တမ်းကာလကျော်လွန်မှုအပေါ် လအလိုက်သတ်မှတ် ဒဏ်ကြေး** အား **ဇယား (၁)** အရလည်းကောင်း၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ အနေဖြင့် ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးကြောင့်ရပ်နားခဲ့ပြီးမှ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန် ပြန်လည်လျှောက်ထားလာသည့် ကိစ္စရပ်များကို **အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့် စိစစ်ရေးကတ် သက်တမ်းကျော်လွန်မှု နှစ်ကာလအလိုက် သတ်မှတ် ဒဏ်ကြေး** အား **ဇယား (၂)** အရ လည်းကောင်း ပေးဆောင်ရမည့် ဒဏ်ကြေးများကို နောက်ဆက်တွဲပါအတိုင်း သတ်မှတ်လိုက်သည်။

၃။ ဤအမိန့်သည် ၂၀၂၃ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှစတင် အကျိုးသက်ရောက်စေရမည်။

သိန်းဆွေ

ညွှန်ကြားရေးမှူးချုပ်

အကောက်ခွန်ဦးစီးဌာန

နောက်ဆက်တွဲ

ဇယား (၁) အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း (မှတ်ပုံတင်) သက်တမ်းကာလ ကျော်လွန်မှုအပေါ် လအလိုက် သတ်မှတ်ဒဏ်ကြေး

(ကျပ်)

| စဉ် | ကာလ | ဌာန/အဖွဲ့အစည်း | CMP | ဝန်ဆောင်မှုကုမ္ပဏီ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | (၁) လ အတွင်း | ၅,၀၀၀/- | ၂၀,၀၀၀/- | ၅၀,၀၀၀/- | |
| ၂ | (၂) လ အတွင်း | ၁၀,၀၀၀/- | ၄၀,၀၀၀/- | ၁၀၀,၀၀၀/- | |
| ၃ | (၃) လ အတွင်း | ၁၅,၀၀၀/- | ၆၀,၀၀၀/- | ၁၅၀,၀၀၀/- | |
| ၄ | (၄) လ အတွင်း | ၂၀,၀၀၀/- | ၈၀,၀၀၀/- | ၂၀၀,၀၀၀/- | |
| ၅ | (၅) လ အတွင်း | ၂၅,၀၀၀/- | ၁၀၀,၀၀၀/- | ၂၅၀,၀၀၀/- | |
| ၆ | (၆) လ အတွင်း | ၃၀,၀၀၀/- | ၁၂၀,၀၀၀/- | ၃၀၀,၀၀၀/- | |
| ၇ | (၇) လ အတွင်း | ၃၅,၀၀၀/- | ၁၄၀,၀၀၀/- | ၃၅၀,၀၀၀/- | |
| ၈ | (၈) လ အတွင်း | ၄၀,၀၀၀/- | ၁၆၀,၀၀၀/- | ၄၀၀,၀၀၀/- | |
| ၉ | (၉) လ အတွင်း | ၄၅,၀၀၀/- | ၁၈၀,၀၀၀/- | ၄၅၀,၀၀၀/- | |
| ၁၀ | (၁၀) လ အတွင်း | ၅၀,၀၀၀/- | ၂၀၀,၀၀၀/- | ၅၀၀,၀၀၀/- | |
| ၁၁ | (၁၁) လ အတွင်း | ၅၅,၀၀၀/- | ၂၂၀,၀၀၀/- | ၅၅၀,၀၀၀/- | |
| ၁၂ | (၁၂) လ အတွင်း | ၆၀,၀၀၀/- | ၂၄၀,၀၀၀/- | ၆၀၀,၀၀၀/- | |

ဇယား (၂) အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခွင့် စိစစ်ရေးကတ် သက်တမ်းကျော်လွန်မှု နှစ်ကာလ အလိုက် သတ်မှတ်ဒဏ်ကြေး

(ကျပ်)

| စဉ် | ကာလ | ဌာန/အဖွဲ့အစည်း | | CMP | | ဝန်ဆောင်မှုကုမ္ပဏီ | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | လိုင်စင်ကြေး | ဒဏ်ကြေး | လိုင်စင်ကြေး | ဒဏ်ကြေး | လိုင်စင်ကြေး | ဒဏ်ကြေး | |
| ၁ | (၆) လ အတွင်း | ၂,၀၀၀/- | ၄,၀၀၀/- | ၅,၀၀၀/- | ၁၀,၀၀၀/- | ၅,၀၀၀/- | ၃၀,၀၀၀/- | |
| ၂ | (၁၂) လ အတွင်း | ၄,၀၀၀/- | ၈,၀၀၀/- | ၁၀,၀၀၀/- | ၂၀,၀၀၀/- | ၁၀,၀၀၀/- | ၆၀,၀၀၀/- | |
| ၃ | (၁၈) လ အတွင်း | ၆,၀၀၀/- | ၁၂,၀၀၀/- | ၁၅,၀၀၀/- | ၃၀,၀၀၀/- | ၁၅,၀၀၀/- | ၉၀,၀၀၀/- | |
| ၄ | (၂၄) လ အတွင်း | ၈,၀၀၀/- | ၁၆,၀၀၀/- | ၂၀,၀၀၀/- | ၄၀,၀၀၀/- | ၂၀,၀၀၀/- | ၁၂၀,၀၀၀/- | |

မှတ်ချက်။ ဇယား (၂) ပါ ကာလအလိုက် တွက်ချက်ခြင်းအား လုပ်ငန်းကတ် သက်တမ်းကုန်ဆုံးသည့်နေ့မှစ၍ ဝင်စာစာရင်း ရေးသွင်းသည့် နေ့ရက်အထိ ဒဏ်ကြေးတွက်ချက် ကောက်ခံသွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁ ရက် (၂၀၂၃ ခုနှစ်၊ မေလ ၁၉ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

### ပြည်ထောင်စုရာထူးဝန်အဖွဲ့
### လျှောက်လွှာခေါ်ယူခြင်း
### ကြော်ငြာစာအမှတ် (၃/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

၁။ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း (၂၀) ခုတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများ အတွက် **Online** စနစ်ဖြင့် **e-Recruitment and Selection System (e-RSS) (UCSB e-RSS Mobile Application** နှင့် **UCSB e-RSS Web Based)** တို့ကို အသုံးပြုကာ ၂၆-၅-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ဝင်ရောက်လျှောက်ထားနိုင်ပါသည်-

(က) **ပြည်ထဲရေးဝန်ကြီးဌာန**

| ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန | ဦးစီးအရာရှိ (ငွေစာရင်း) | ၆ နေရာ | စီးပွားရေးတက္ကသိုလ်မှဘွဲ့တစ်ခုခု ရရှိသူ/လက်မှတ်ရပြည်သူ့စာရင်းကိုင် အောင်လက်မှတ်ရရှိသူ (CPA)/ ဘွဲ့တစ်ခုခုရရှိပြီးစာရင်းကိုင် ဒီပလိုမာ (DA) လက်မှတ်ရရှိပြီးသူ |

( ခ ) **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | ပြည်တွင်းရေကြောင်းပို့ဆောင်ရေး | လက်ထောက်အင်ဂျင်နီယာ | ၂ နေရာ | အင်ဂျင်နီယာဘွဲ့ (ရေယာဉ်ဗိသုကာ) [B.E (Naval Architecture)] |
| (၂) | မြန်မာ့မီးရထား | လက်ထောက်အင်ဂျင်နီယာ (ယန္တရား) **(အမျိုးသား)** | ၁ နေရာ | အင်ဂျင်နီယာဘွဲ့ (စက်မှု) [B.E (Mechanical)] |
| | | လက်ထောက်အင်ဂျင်နီယာ (အချက်ပြနှင့်ဆက်သွယ်ရေး) **(အမျိုးသား)** | ၄ နေရာ | အင်ဂျင်နီယာဘွဲ့ (အီလက်ထရောနစ်/လျှပ်စစ်စွမ်းအား) [B.E (Electronics/ Electrical Power)] |

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၃) | မြန်မာ့စာတိုက်လုပ်ငန်း | လက်ထောက်မန်နေဂျာ | ၈ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ (Any Graduate) **[ ပြည်တွင်း/ ပြည်ပသာသနာ့တက္ကသိုလ်မှဘွဲ့များ လက်မခံပါ ]** |
| | | | ၄ နေရာ | စီးပွားရေးတက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူ |
| (၄) | မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် | နည်းပြအရာရှိ (ရေကြောင်းအင်ဂျင်နီယာပညာဌာန) | ၂ နေရာ | အင်ဂျင်နီယာဘွဲ့ (စက်မှု) [B.E (Mechanical) Q]/အင်ဂျင်နီယာဘွဲ့ (ရေကြောင်းအင်ဂျင်နီယာ) [B.E (Marine Engineering)Q] [မဟာအင်ဂျင်နီယာဘွဲ့တက်ရောက်ရန်အဆင့်မီသူ]/အင်ဂျင်နီယာဘွဲ့တစ်ခုခုရှိပြီး ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၃)/ အဆင့် (၂) ရရှိသူ [B.E+O.E.W (Officer Incharged of Engine Room Watchkeeping) (STCW Reg–III/2)] |
| | | နည်းပြအရာရှိ (မြစ်ချောင်းနှင့်ကမ်းရိုးတန်းအင်ဂျင်နီယာပညာဌာန) | ၃ နေရာ | မဟာအင်ဂျင်နီယာဘွဲ့ (မြို့ပြ/ မြို့ပြရေအရင်းအမြစ်) [M.E (Civil/ Civil Water Resources)]/ သိပ္ပံမဟာအင်ဂျင်နီယာဘွဲ့ (မြို့ပြရေအရင်းအမြစ်/ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာအင်ဂျင်နီယာ) [M.S. Engg (Civil Water Resources/ Civil Environmental Engineering)]/ အင်ဂျင်နီယာဘွဲ့ (မြစ်ချောင်းနှင့်ကမ်းရိုးတန်းအင်ဂျင်နီယာ/ ဆိပ်ကမ်းအင်ဂျင်နီယာ/မြို့ပြ) [B.E (River & Coastal Engineering/ Port and Harbour Engineering/ Civil)] ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့သင်တန်းတက်ရောက်ရန်အဆင့်မီသူ |
| | | နည်းပြအရာရှိ (ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရောနစ်ပညာဌာန) | ၂ နေရာ | အင်ဂျင်နီယာဘွဲ့ (ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ်) [B.E (Marine Electrical System & Electronics)]ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့သင်တန်းတက်ရောက်ရန်အဆင့်မီသူ |
| | | နည်းပြအရာရှိ (ရေကြောင်းစက်မှုအင်ဂျင်နီယာပညာဌာန) | ၂ နေရာ | အင်ဂျင်နီယာဘွဲ့ (ရေကြောင်းစက်မှုအင်ဂျင်နီယာ/ ရေကြောင်းအင်ဂျင်နီယာ/စက်မှု/ စက်မှုအီလက်ထရောနစ်/မက္ကာထရောနစ်) [B.E (Marine Mechanical Engineering/ Marine Engineering/ Mechanical/ Mechatronics)] ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့သင်တန်းတက်ရောက်ရန်အဆင့်မီသူ |

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| | | နည်းပြအရာရှိ (ရေကြောင်းသိပ္ပံပညာဌာန) | ၂ နေရာ | သိပ္ပံ (ဂုဏ်ထူး) ဘွဲ့ (ရေကြောင်းသိပ္ပံ) [B.Sc (Hons;) (Nautical Science)]/ သိပ္ပံဘွဲ့ (ရေကြောင်းသိပ္ပံ) [B.Sc (Nautical Science)] ရရှိပြီး မဟာသိပ္ပံဘွဲ့သင်တန်း တက်ရောက်ရန် အဆင့်မီသူ/ သိပ္ပံဘွဲ့ (ရူပဗေဒ/ သင်္ချာ) တစ်ခုခုရရှိပြီး ကုန်းပတ်အရာရှိလက်မှတ်ရရှိသူ [B.Sc (Physics/ Mathematics) and Deck Officer Class–III CoC Certificate holder] |
| | | နည်းပြအရာရှိ (သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုပညာဌာန) | ၂ နေရာ | ဝါဏိဇ္ဇဘွဲ့ [(B.Com) Q]/စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ/ စာရင်းအင်း) [B.Econ (Economics/ Statistics)Q]/ စာရင်းကိုင်ပညာဘွဲ့ [(B.Act) Q]/ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ [(B.B.A) Q]/ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့ [(B.P.A)Q]/ဖွံ့ဖြိုးမှုပညာဘွဲ့ [(B.Dev.S)Q] ရရှိပြီး မဟာတန်းတက်ရောက်ရန်အဆင့်မီသူ |
| | | နည်းပြအရာရှိ (ဆိပ်ကမ်းစီမံခန့်ခွဲမှုပညာဌာန) | ၂ နေရာ | ဝါဏိဇ္ဇဘွဲ့ [(B.Com) Q]/စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ/ စာရင်းအင်း) [B.Econ (Economics/ Statistics)Q]/ စာရင်းကိုင်ပညာဘွဲ့ [(B.Act) Q]/ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ [(B.B.A) Q]/ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့ [(B.P.A) Q]/ဖွံ့ဖြိုးမှုပညာဘွဲ့ [(B.Dev.S)Q] ရရှိပြီး မဟာတန်းတက်ရောက်ရန်အဆင့်မီသူ |
| | | လက်ထောက်စာကြည့်တိုက်မှူး (စာကြည့်တိုက်ဌာန) | ၂ နေရာ | ဝိဇ္ဇာဘွဲ့ (စာကြည့်တိုက်နှင့် သုတပညာ) [B.A (Library & Information Studies)]/ တက္ကသိုလ်မှဘွဲ့တစ်ခုခု ရရှိပြီးဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာရရှိသူ (Any Graduate; Diploma in Librarianship) |
| (၅) | မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် | နည်းပြအရာရှိ **(အမျိုးသား)** | ၁ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့် (၃)/ (၄)/ (၅) လက်မှတ် **(Marine Engineer Officer Class III/IV/V)** ပူးတွဲတင်ပြရမည်။ |

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| | | **(အမျိုးသား)** | ၂ နေရာ | အင်ဂျင်နီယာဘွဲ့တစ်ခုခုရရှိသူ သို့မဟုတ် အစိုးရနည်းပညာကောလိပ်မှ အောင်လက်မှတ် တစ်ခုခုရရှိသူများလျှောက်ထားပါက ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့် (၃)/ (၄)/ (၅) လက်မှတ် **(Marine Engineer Officer Class III/IV/V)** ပူးတွဲတင်ပြရမည်။ |
| | | လက်ထောက်ကထိက **(အမျိုးသား)** | ၁ နေရာ | မဟာသိပ္ပံဘွဲ့ရရှိသူ (Master of Science) သို့မဟုတ် မဟာဥပဒေဘွဲ့ (ပင်လယ်ရေကြောင်းဥပဒေ) [LL.M (Maritime Law)] သို့မဟုတ် ဥပဒေဘွဲ့ (LL.B ) သို့မဟုတ် ရေကြောင်းဘက်ဆိုင်ရာဒီပလိုမာ **(Diploma In Nautical Science)** တစ်ခုခုရရှိသူများဖြစ်ပါက ကုန်းပတ်ရေကြောင်းအရာရှိအဆင့် (၃)/ (၄)/ (၅) လက်မှတ် **(Deck Officer Class III/IV/V)** ပူးတွဲတင်ပြရမည်။ |
| | | လက်ထောက်ကထိက **(အမျိုးသား)** | ၁ နေရာ | အင်ဂျင်နီယာဘွဲ့တစ်ခုခုရရှိထားပြီး ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့် (၃)/(၄)/(၅) လက်မှတ် **(Marine Engineer Officer Class III/IV/V)** ပူးတွဲတင်ပြရမည်။ |
| | | လက်ထောက်ကထိက **(အမျိုးသမီး)** | ၁ နေရာ | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [M.A (English)] |
| | | လက်ထောက်ကထိက **(အမျိုးသမီး)** | ၁ နေရာ | မဟာသိပ္ပံဘွဲ့ (သင်္ချာ) [M.Sc (Mathematics)] |
